ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်ကြော်ငြာစာအမှတ် ၂၆၅ / ၂၀၂၁

၁၃၈၃ ခုနှစ်၊ တော်သလင်းလဆန်း ၁၅ ရက်

( ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက် )

**ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ၏လုပ်ငန်းများကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် **"ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဒုတိယဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဃ) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒုတိယဝန်ကြီး<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒုတိယဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ဈ) | ဒုတိယဝန်ကြီး<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ဒုတိယဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ဒုတိယဝန်ကြီး<br>အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ဒုတိယဝန်ကြီး<br>လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာ<br>ချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | ဝန်ကြီး<br>လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန<br>ရခိုင်ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဏ) | ဝန်ကြီး<br>စီးပွားရေးရာဝန်ကြီးဌာန<br>ရခိုင်ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (တ) | အမြဲတမ်းအတွင်းဝန်<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ထ) | အမြဲတမ်းအတွင်းဝန်<br>ပြန်ကြားရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ရေရှည်ပဋိပက္ခကင်းဝေးရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဆောင်ရွက်ချက်များ၊ ဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို သတင်းမှန်ပြန်ကြားပေးနိုင်ရေးအတွက် ဆောင်ရွက်ရန်နှင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ မိတ်ဆွေနိုင်ငံများ၊ ပြည်တွင်းပြည်ပအစိုးရ မဟုတ်သော အဖွဲ့အစည်းများ၏အကူအညီများကိုရယူနိုင်ရေးဆောင်ရွက်ရန်၊

(ခ) ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးကိစ္စအရပ်ရပ်အတွက် နိုင်ငံတကာအကူအညီ အထောက်အပံ့များကို စနစ်တကျစိစစ်၍ မူဝါဒများအတိုင်းအကောင်အထည် ဖော်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ရန်၊

(ဂ) နိုင်ငံတကာအကူအညီလက်ခံရေးနှင့် စီမံကွပ်ကဲရေးတို့အတွက် လိုအပ်သော မူဝါဒ လုပ်ငန်းစဉ်များရေးဆွဲတင်ပြရန်၊

(ဃ) ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများ ဆောင်ရွက် ရာတွင် ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ ပါဝင်ကူညီဆောင်ရွက်နိုင်ရေးအတွက် အစီအမံတင်ပြသွားရန်၊

(င) ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရ မဟုတ်သော အဖွဲ့အစည်းများအနေဖြင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ နှင့်အတူဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းစဉ်များကိုပါ တစ်ပြိုင်နက်တည်း အကောင်အထည်ဖော်နိုင်ရေး ညှိနှိုင်းစီမံဆောင်ရွက်သွားရန်၊

(စ) ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရေးအတွက် ပါဝင်ဆောင်ရွက်နေသော ပြည်တွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများအား အရှိန်အဟုန်မပြတ်ဆောင်ရွက်နိုင်ရန် ပုံမှန်ညှိနှိုင်း အစည်းအဝေးခေါ်ယူကျင်းပဆောင်ရွက်ရန်၊

(ဆ) ရခိုင်ပြည်နယ်ဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများနှင့် ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများအတွက် အာဆီယံနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများ၊ မိတ်ဆွေနိုင်ငံ များနှင့် ရင်းနှီးပွင့်လင်းစွာဖြင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရန်။

၃။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၉ - ၄ - ၂၀၂၁ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် ၁၂၆/၂၀၂၁ နှင့် ၂၈ - ၆ - ၂၀၂၁ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် ၁၉၂/၂၀၂၁ တို့ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်ပါသည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး